## လွတ်လပ်သောကုန်သွယ်ရေးသဘောတူစာချုပ်များ၏ အကျိုးကျေးဇူးများကို အပြည့်အဝခံစားခွင့်ရရှိနိုင်ရန်အတွက် စင်ကာပူ၏ ဆောင်ရွက်ချက်များအား တင်ပြခြင်း

၁။ စင်ကာပူ၏ ကုန်စည်ကုန်သွယ်မှုပမာဏသည် ကမ္ဘာ့ကုန်စည်ကုန်သွယ်မှုစုစုပေါင်း၏ ၄ ရာခိုင်နှုန်းခန့် ရှိပါသည်။ စင်ကာပူသည် ကမ္ဘာတွင် (၉) နိုင်ငံမြောက် ကုန်စည်တင်ပို့မှု အများဆုံး နိုင်ငံဖြစ်ပြီး၊ (၁၀) နိုင်ငံမြောက် အများဆုံးကုန်စည်တင်သွင်းသူလည်း ဖြစ်ပါသည်။ ဝန်ဆောင်မှု ကုန်သွယ်ရေးကဏ္ဍတွင် စင်ကာပူသည် ကမ္ဘာ့ဝန်ဆောင်မှုကုန်သွယ်ရေး၏ ၆ ရာခိုင်နှုန်းကျော်အား ကိုယ်စားပြုပါသည်။ ဝန်ဆောင်မှုကုန်သွယ်ရေးပိုင်း၌ စင်ကာပူသည် ကမ္ဘာတွင် (၁၀) နိုင်ငံမြောက် အများဆုံးတင်ပို့သည့်နိုင်ငံဖြစ်ပြီး၊ (၉) နိုင်ငံမြောက် အများဆုံးတင်သွင်းသူ ဖြစ်ပါသည်။

၂။ ကုန်သွယ်မှုကဏ္ဍသည် နိုင်ငံစီးပွားရေး၏ အဓိကအသက်သွေးကြောကြီးဖြစ်သည့်အတွက် စင်ကာပူသည် စည်းမျဉ်းအခြေပြု နိုင်ငံတကာကုန်သွယ်ရေးစနစ်အား အခိုင်အမာထောက်ခံသူ ဖြစ်ပါသည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ၏ မူလအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်သည့်အားလျော်စွာ ကုန်သွယ်ဖက်နိုင်ငံများအကြား နည်းဗျူဟာကျသော ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန် လွတ်လပ်သောကုန်သွယ်ရေးစနစ်ကို အားပေးသည့် စည်းမျဉ်းစည်းကမ်းများ ချမှတ်ဆောင်ရွက်နိုင်ရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

၃။ စင်ကာပူသည် ကုန်သွယ်ဖက် (၃၆) ခုနှင့် နှစ်နိုင်ငံ/ဒေသတွင်း လွတ်လပ်သောကုန်သွယ်ရေး သဘောတူစာချုပ် (Free Trade Agreement – FTA) (၂၄) ခုကို ချုပ်ဆိုထားပါသည်။ စင်ကာပူ၏ ပထမဆုံး FTA မှာ နယူးဇီလန်နိုင်ငံနှင့်ချုပ်ဆိုခဲ့သော နှစ်နိုင်ငံ FTA ဖြစ်ပြီး၊ ၂၀၀၁ ခုနှစ်တွင် စတင်အာသာသက်ဝင်ခဲ့ပါသည်။

၄။ စင်ကာပူပါဝင်သော FTA အဖွဲ့ဝင်များသည် ကမ္ဘာ့ GDP ၏ ၈၅ ရာခိုင်နှုန်းကို ကိုယ်စားပြုပြီး၊ စင်ကာပူ၏ ကုန်စည်နှင့် ဝန်ဆောင်မှု နှစ်မျိုးလုံးပါဝင်သော ကုန်သွယ်မှုပမာဏစုစုပေါင်း၏ ၉၂ ရာခိုင်နှုန်းသည် ၎င်း၏ FTA အဖွဲ့ဝင်များနှင့် ကုန်သွယ်မှုပြုလုပ်နေခြင်းဖြစ်ပါသည်။ စင်ကာပူနိုင်ငံမှ FTA အဖွဲ့ဝင်များသို့ ကုန်စည်တင်ပို့မှုအခြေအနေသည် FTA အာဏာသက်ဝင်ပြီးနောက် (၂) နှစ်ကာလတွင် ၁၈ ရာခိုင်နှုန်းအထိ၊ (၃)နှစ်မြောက်တွင် နောက်ထပ် ၁၆ ရာခိုင်နှုန်းအထိ ပျမ်းမျှအားဖြင့် တိုးတက်လာသဖြင့် FTA အာဏာသက်ဝင်ပြီးနောက် (၃) နှစ်ကာလတွင် စင်ကာပူ၏ ပို့ကုန်သည် (၃) ပုံ (၁) ပုံ အထိ တိုးတက်လာကြောင်း၊ FTA များကြောင့် ၂၀၁၆ ခုနှစ်တွင် စင်ကာပူလုပ်ငန်းများမှ အကောက်ခွန်ပေးဆောင်ရမှုသည် စင်ကာပူဒေါ်လာ ၇၂၀ သန်းအထိ သက်သာခဲ့ကြောင်း စင်ကာပူနိုင်ငံ၊ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနက လေ့လာတွေ့ရှိထားပါသည်။ ထိုသို့ စင်ကာပူလုပ်ငန်းများအနေဖြင့် အကောက်ခွန်သက်သာခွင့်ရရှိခြင်းသာမက ပြည်ပဈေးကွက်များသို့ လွယ်ကူစွာ ဝင်ရောက်နိုင်ခြင်း၊ တရားဥပဒေရေးရာမူဘောင်များဖြင့် အကာအကွယ်ပေးသည့် အကျိုးကျေးဇူး များကိုပါ ခံစားကြရပါသည်။ ယခင်က နိုင်ငံခြားဈေးကွက်များတွင် ကန့်သတ်ထားသည့် ဝန်ဆောင်မှု

လုပ်ငန်းများတွင်လည်း စင်ကာပူလုပ်ငန်းများက ဝင်ရောက်ဆောင်ရွက်လာနိုင်ပြီး၊ ပြည်တွင်းလုပ်ငန်းများကဲ့သို့ တန်းတူဆက်ဆံသည့် အခွင့်အရေးများကို ရရှိကြပါသည်။

၅။ လွတ်လပ်သောကုန်သွယ်မှုသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မောင်းနှင်အားတစ်ရပ်ဖြစ်ကြောင်းနှင့် လွတ်လပ်သောကုန်သွယ်မှု၏ အကျိုးဆက်အနေဖြင့် အကျိုးစီးပွားဖြစ်ထွန်းမည့်အုပ်စုနှင့် အကျိုးစီးပွားဆုတ်ယုတ်နိုင်သည့် အုပ်စုများ ပေါ်ပေါက်လာမည်ကို စင်ကာပူသည် သိရှိနားလည်သောကြောင့် ဖြစ်ပေါ်လာသည့် မညီမျှသောရလဒ်များအား ပိုမိုဆိုးဝါးမှု မဖြစ်ပေါ်စေရန်အတွက် ကြိုတင်ကာကွယ်နိုင်ရေး အစီအမံများကို ဆောင်ရွက်လျက်ရှိပါသည်။ ဥပမာအားဖြင့် နည်းပညာမြင့်သော ပြည်ပလုပ်ငန်းများအား ပြည်တွင်းလုပ်ငန်းများက ယှဉ်ပြိုင်နိုင်စွမ်းရှိလာစေရေးအတွက် ဒီဂျစ်တယ်နည်းပညာများ အသုံးပြု၍ လုပ်ငန်းပုံစံပြောင်းလဲ ဆောင်ရွက်သွားနိုင်ရေး အထောက်အကူပြုသည့် အစီအမံများနှင့် အလုပ်သမားများအား တိုးတက်ပြောင်းလဲလာသည့် လုပ်ငန်းသဘောသဘာဝအပေါ် လိုက်ပါဆောင်ရွက်နိုင်သော အရည်အသွေးရရှိနိုင်ရန် သင်တန်းများ ပြုလုပ်ပေးသည့် အစီအမံများကို အလေးထားဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ပြင် စင်ကာပူသည် ဒီဂျစ်တယ်စီးပွားရေး၏ အလားအလာကောင်းများကို ကောင်းစွာနားလည်သိရှိသည့်အတွက် ၂၁ ရာစုတွင် ဖြစ်ပေါ်မည့် ဒီဂျစ်တယ်စီးပွားရေးနှင့် လိုက်လျောညီထွေရှိသော ကုန်သွယ်မှုဆိုင်ရာမူဝါဒနှင့် စည်းမျဉ်းစည်းကမ်းများကို ချမှတ်ဆောင်ရွက်သွားနိုင်ရေးအတွက် ကုန်သွယ်ဖက်နိုင်ငံများနှင့် ဒီဂျစ်တယ်စီးပွားရေးဆိုင်ရာသဘောတူစာချုပ်များကို စတင်ချုပ်ဆိုသွားနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။

၆။ စင်ကာပူတွင် FTA ၏ အခွင့်အလမ်းများကို စီးပွားရေးလုပ်ငန်းများက အပြည့်အဝရယူနိုင်ရန် ဆောင်ရွက်နေသည့် အစီအမံများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) <u>"Tariff Finder" အခမဲ့အွန်လိုင်း Database စနစ်ကို ထူထောင်ထားခြင်း။</u> ။ စင်ကာပူနိုင်ငံ၊ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနအောက်ရှိ Enterprise Singapore သည် ကုမ္ပဏီများက FTA များ၏ ပင်ရင်းနိုင်ငံစည်းမျဉ်း၊ လိုအပ်သောစာရွက်စာတမ်းများနှင့် အကောက်ခွန်နှုန်းထားသက်သာခွင့်များအား စူးစမ်းရှာဖွေ၍ နှိုင်းယှဉ်တွက်ချက်နိုင်သော "Tariff Finder" အခမဲ့အွန်လိုင်း Database စနစ်ကို ထူထောင်၍ ဝန်ဆောင်မှုပေးလျက်ရှိပါသည်။ ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းတွင် စင်ကာပူ အကောက်ခွန်ဌာနနှင့် အစိုးရနည်းပညာအေဂျင်စီတို့က ပူးပေါင်းတည်ထောင်ထားသော ကုန်သွယ်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများအတွက် တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့် "Networked Trade Platform – NTP" တွင် အဆိုပါ"Tariff Finder" စနစ်ကိုပါအသုံးပြုနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ခ) <u>FTA ဆိုင်ရာ အသိပညာပေးပွဲများကို စီစဉ်ကျင်းပပြုလုပ်ခြင်း။</u> ။ အထူးသဖြင့် ပို့ကုန်လုပ်ငန်းများက FTA ၏ အကျိုးကျေးဇူးများကို သိရှိနားလည်ပြီး အသုံးချနိုင်စေရန် ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန၊ Enterprise Singapore နှင့် စင်ကာပူစီးပွားရေးလုပ်ငန်းရှင်များအဖွဲ့ချုပ်တို့သည် FTA ဆိုင်ရာ အသိပညာပေးပွဲများကို ပူးပေါင်းစီစဉ်ကျင်းပပေးလျက်ရှိပါသည်။ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ စက်တာဘာလအထိ အသိပညာပေးပွဲ (၂၇) ပွဲကို ပြုလုပ်ပေးပြီးဖြစ်သောကြောင့် စင်ကာပူရှိ SMEs များ၏ ၇၀ ရာခိုင်နှုန်းအထိကို ဆွေးနွေးပေးနိုင်ခဲ့ခြင်းဖြစ်ပါသည်။ ယခုနှစ်တွင် စင်ကာပူစီးပွားရေးလုပ်ငန်းရှင်များအဖွဲ့ချုပ်သည် Enterprise Singapore ၏ ပံ့ပိုးမှုဖြင့် "FTA ဆိုင်ရာအသိပညာဖြန့်ဝေပေးရေးအဖွဲ့"ကို ဖွဲ့စည်းတည်ထောင်ထားရှိပြီး၊ အကြံပေးဝန်ဆောင်မှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

(ဂ) <u>လုပ်ငန်းတစ်ခုချင်းအပေါ် ဝန်ဆောင်မှုပေးခြင်း။</u> ။ Enterprise Singapore နှင့် စင်ကာပူစီးပွားရေးလုပ်ငန်းရှင်များအဖွဲ့ချုပ်တို့သည် ပြည်ပဈေးကွက်သို့ တိုးချဲ့ရန် ပြင်ဆင်နေကြသော လုပ်ငန်းများမှ FTA နှင့် သက်ဆိုင်သည့် စုံစမ်းမေးမြန်းမှုများအပေါ် အကြံပြုချက်ပေးသည့် ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ လုပ်ငန်းများသည် အီးမေးလ်ဖြင့် ပေးပို့မေးမြန်း၍လည်း အကြံပြုချက်များကို တောင်းခံရယူနိုင်ပါသည်။ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ စက်တင်ဘာလအထိ ကုမ္ပဏီပေါင်း (၆၀၀) ခန့်ကို ဝန်ဆောင်မှုပေးနိုင်ခဲ့ကြောင်း သိရှိရပါသည်။

(ဃ) <u>FTA ဆိုင်ရာသင်တန်းများကို စီစဉ်ပြုလုပ်ပေးခြင်း။</u> ။ စင်ကာပူစီးပွားရေးလုပ်ငန်းရှင်များအဖွဲ့ချုပ်သည် စီးပွားရေးလုပ်ငန်းများအား မဟာဗျူဟာချမှတ်ဆောင်ရွက်နိုင်ရန်နှင့် FTA နှင့်စပ်လျဉ်း၍ သိရှိနားလည်မှု တိုးတက်လာစေရန် FTA သင်တန်း (၁၀) ခုကို စီစဉ်ပြုလုပ်ခဲ့ပြီး၊ ကုမ္ပဏီပေါင်း (၅၀၀) ကျော်က တက်ရောက်လေ့လာခဲ့ပါသည်။ လတ်တလောတွင် Enterprise Singapore ၏ ပံ့ပိုးမှုဖြင့် နိုင်ငံတကာကုန်သည်ကြီးများအသင်း၏ ပညာသင်ကျောင်းသည် လုပ်ငန်းများမှ သိရှိသင့်သော FTA ဆိုင်ရာ အခြေခံစည်းမျဉ်းစည်းကမ်းများအား လေ့လာသင်ယူနိုင်သည့် အသိအမှတ်ပြု အွန်လိုင်းသင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိပါသည်။

(င) <u>အများပြည်သူ၏ အကြံပြုချက်များကို ရယူခြင်း။</u> ။ အစိုးရက FTA များကို ပြန်လည်သုံးသပ်မှုပြုလုပ်ခြင်းနှင့် ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ခြင်းတို့အပေါ် လုပ်ငန်းများ၏ အကြံပြုချက်များကို ရယူနိုင်ရန် စင်ကာပူစီးပွားရေးလုပ်ငန်းရှင်များအဖွဲ့ချုပ်သည် ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန၊ Enterprise Singapore တို့နှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

သုံးသပ်တင်ပြချက်

၇။ စင်ကာပူနိုင်ငံတွင် FTA ၏ အခွင့်အလမ်းကောင်းများကို အပြည့်အဝရရှိနိုင်ရန် စနစ်ကျသော အစီအမံများဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့ခြင်းဖြင့် မြန်မာနိုင်ငံ၏ ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် အထောက်အကူပြုနိုင်ရန် အမျိုးသားပို့ကုန်မဟာဗျူဟာကို ချမှတ်ဆောင်ရွက်လျက်ရှိရာ မြန်မာပါဝင်သည့် လွတ်လပ်သောကုန်သွယ်မှုသဘောတူစာချုပ် (FTA) များ၏ အခွင့်အလမ်းများအား ထိရောက်စွာ အသုံးချနိုင်ရေးသည် အရေးကြီးသောအချက်တစ်ခု ဖြစ်ပါသည်။ ထို့ပြင် မြန်မာ၏ အဓိကကုန်သွယ်ဖက်များသည် မြန်မာပါဝင်သော FTA အဖွဲ့ဝင်များ ဖြစ်သောကြောင့် ပို့ကုန်လုပ်ငန်းများက FTA ၏ အကျိုးကျေးဇူးများကို အမှန်တကယ် သိရှိနားလည်ပြီး၊ အသုံးချတတ်စေရန် FTA အထူးပြုသော အသိပညာဖြန့်ဝေပေးမှုအစီအမံများနှင့် FTA မှ ရရှိသည့် အကျိုး/အပြစ်များကို သိသာထင်ရှားစွာ ဝေဖန်ထောက်ပြသုံးသပ်ပေးနိုင်သော လေ့လာမှုများကို ပြုလုပ်နိုင်ရေး အထောက်အကူပြုသည့်အစီအမံများကို ဆောင်ရွက်သင့်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

1/11/2019

(မြတ်နိုး)

စီးပွားရေးသံမှူး

မြန်မာသံရုံး၊ စင်ကာပူမြို့